ကာကွယ်ဆေး အချက်အလက်များဆိုင်ရာ ဖော်ပြချက်

# Meningococcal ACWY ဦးနှောက်အမြှေးရောင်ရောဂါ ကာကွယ်ဆေး - *သင်သိထားရမည့် အကြောင်းအရာများ*

Many vaccine information statements are available in Burmese and other languages. See www.immunize.org/vis

ကာကွယ်ဆေး အချက်အလက် ကြေငြာချက်များကို မြန်မာဘာသာနှင့် အခြားသော ဘာသာစကားများတို့ဖြင့် ရရှိနိုင်ပါသည်။ www.immunize.org/vis တွင် ကြည့်ရှုပါ။

## 1. ဘာကြောင့် ကာကွယ်ဆေးထိုးရသလဲ။

**Meningococcal ACWY ကာကွယ်ဆေးသည်** Serogroup A, C, W နှင့် Y **တို့ကြောင့်ဖြစ်ပေါ်သည့် ဦးနှောက်အမြှေးရောင် ရောဂါကို** ကာကွယ်ပေးပါသည်။ Serogroup B ရောဂါပိုးကို ခုခံကာကွယ်ပေးသည့် ဦးနှောက်အမြှေးရောင် ရောဂါ ကာကွယ်ဆေး နောက်တစ်မျိုး ရှိပါသည်။

**၎င်းသည် ဦးနှောက်အမြှေးရောင် ရောဂါ** (ဦးနှောက်နှင့် ကျောရိုးအာရုံကြော မျက်နှာပြင်များသို့ ရောဂါကူးစက်ခြင်း) နှင့် သွေးထဲသို့ ရောဂါကူးစက်ခြင်းများ ဖြစ်ပွားစေနိုင်ပါသည်။ ကုသမှုပြုနေသည့်တိုင်အောင် ဦးနှောက်အမြှေးရောင် ရောဂါကူးစက်ခံရသည့် လူ အယောက် 100 တွင် 10 ဦးမှ 15 ဦး အထိ သေဆုံးကြရပါသည်။ အသက်မသေသူ အယောက် 100 တွင် 10 ဦး မှ 20 ဦးခန့်သည် နားပင်းခြင်း၊ ဦးနှောက်ပျက်စီးခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ ခြေလက်ဆုံးရှုံးခြင်း၊ အာရုံကြောစနစ် ပြဿနာများ သို့မဟုတ် အရေပြားအစားထိုးခြင်းကြောင့် အနာရွတ်ဒဏ်ရာဒဏ်ချက်များ ကဲ့သို့သော မသန်မစွမ်းဖြစ်မှုများကို ခံစားရပါသည်။

ဦးနှောက်အမြှေးရောင် ရောဂါသည် ရှားပါးပြီး 1990 ပြည့်နှစ်များမှစ၍ အမေရိကန်ပြည်ထောင်စုတွင် ဖြစ်ပွားမှုနှုန်း ကျဆင်းလာနေပါသည်။ သို့သော် ၎င်းမှာ ပြင်းထန်သောရောဂါဖြစ်ပြီး ဖြစ်ပွားသောသူများတွင် အသက်သေဆုံးနိုင်သည့် ဘေးအန္တရာယ် မြင့်မားသလို မသန်စွမ်းဖြစ်ဖို့လည်းများပါသည်။

မည်သူမဆို ဦးနှောက်အမြှေးရောင် ရောဂါဖြစ်ပွားနိုင်သည်။ အချို့သောသူများတွင် ဖြစ်နိုင်သည့်ဘေးအန္တရာယ် ပိုမြင့်မားသည်၊ အောက်ဖော်ပြပါသူများပါဝင်သည်-

- အသက် တစ်နှစ်အောက် အရွယ် ကလေးသူငယ်များ
- အသက် 16 နှစ် မှ 23 နှစ်အထိ အရွယ်ရောက်စလူများနှင့် ကြီးကောင်ဝင်စ အရွယ်များ
- ကိုယ်ခံအားစနစ် ထိခိုက်မှုဖြစ်စေသည့် အချို့သောရောဂါများ ခံစားနေရသူများ
- ဦးနှောက်အမြှေးရောင် ရောဂါဖြစ်စေသည့် ဘက်တီးရီးယားဖြစ်သော *N. meningitidis* နှင့် ပုံမှန်ဆိုသလို သီးခြားလုပ်ကိုင်နေသည့် အနုဇီဝဗေဒ ပညာရှင်
- *မိမိတို့၏ အသိုင်းအဝိုင်းထဲတွင် ရောဂါဖြစ်ပွားသည့်အတွက်ကြောင့် အန္တရာယ်ရှိသူများ*

## 2. Meningococcal ACWY ဦးနှောက်အမြှေးရောင်ရောဂါ ကာကွယ်ဆေး

**အပျို/လူပျိုဖော်ဝင်စ** အရွယ်များသည် meningococcal ACWY ကာကွယ်ဆေး 2 ကြိမ်ထိုးဖို့လိုအပ်သည်-

- ပထမအကြိမ် ထိုးနှံခြင်း- အသက် 11 သို့မဟုတ် 12 နှစ်အရွယ်
- ဒုတိယအကြိမ် ထိုးနှံခြင်း- (မြှင့်တင်ပေးသည်)- အသက် 16 နှစ်

ဆယ်ကျော်သက်များအတွက် ပုံမှန် ကာကွယ်ဆေးထိုးခြင်းများအပြင် **အချို့သော လူအုပ်စုများအတွက်** meningococcal ACWY ကာကွယ်ဆေးအားထိုးရန် အကြံပြုထောက်ခံ လိုပါသည်-

- Serogroup A, C, W သို့မဟုတ် Y ရောဂါပိုးကြောင့် ဦးနှောက်အမြှေးရောင် ရောဂါကူးစက်မှု အန္တရာယ် ဖြစ်နိုင်ခြေ ရှိသူများ
- HIV ရှိသော လူများ
- တံဇဉ်ကောက် ဆဲလ် ရောဂါ (sickle cell disease) ရှိသူများ အပါအဝင် ဘေလုံး ပျက်စီး သို့မဟုတ် ထုတ်ထားရသော မည်သူမဆို
- ဖြည့်ဘက် အစိတ်အပိုင်း ရေရှည် ချို့တဲ့မှု “complement component deficiency” ခေါ် ရှားပါးသော ကိုယ်ခံအားစနစ် အခြေအနေရှိသူများ
- eculizumab (“Soliris”® ဟုလည်းခေါ်သည်) သို့မဟုတ် ravulizumab (“Ultomiris”® ဟုလည်းခေါ်သည်) ကဲ့သို့သော “complement inhibitor” ဆေးအမျိုးအစား သောက်နေရသူများ
- *N. meningitidis* ရောဂါပိုး ခွဲခြားထားသော အစိတ်အပိုင်းများနှင့် အမြဲထိတွေ့ လုပ်ကိုင်နေရသော အဏုဇီဝဗေဒ ပညာရှင်များ
- အချို့သောအာဖရိကနိုင်ငံများကဲ့သို့သော ဦးနှောက်အမြှေးရောင် ရောဂါ ဖြစ်ပေါ်လေ့ရှိသည့် ကမ္ဘာ့နေရာများသို့ ခရီးသွားသူ သို့မဟုတ် နေထိုင်သူများ
- meningococcal ACWY ကာကွယ်ဆေးအပြည့်မထိုးရသေးဘဲ ကျောင်းအဆောင်တွင်နေထိုင်သော ကောလိပ် ပထမနှစ်ကျောင်းသား
- အမေရိကန် စစ်သားစုဆောင်းရေး တပ်သားသစ်များ

U.S. Department of Health and Human Services
Centers for Disease Control and Prevention

## 3. သင်၏ ကျန်းမာရေးစောင့်ရှောက်မှု ထောက်ပံ့သူဖြင့် ပြောဆိုဆွေးနွေးပါ

အကယ်၍ ကာကွယ်ဆေးထိုးမည်ဆိုလျှင် သင်၏ ကာကွယ်ဆေးပံ့ပိုးမည့်သူထံသို့ အောက်ပါအချက်များအား ပြောပြပါ -

- ယခင်က meningococcal ACWY **ကာကွယ်ဆေး ဆေးတစ်ကြိမ်ထိုးပြီးနောက် ဓါတ်မတည့်သည့် တုန့်ပြန်မှု ဖြစ်ခဲ့ဖူးလျှင်** သို့မဟုတ် **ပြင်းထန်သော အသက်အန္တရာယ် ရှိန်းခြောက်သည်အထိ ဓါတ်တုန့်ပြန်မှုတစ်စုံတစ်ရာ** ရှိခဲ့ဖူးခြင်း။

အချို့သော ဖြစ်ရပ်များတွင် သင်၏ ကျန်းမာရေး စောင့်ရှောက်သူသည် meningococcal ACWY ကာကွယ်ဆေး ထိုးမှုကို နောက်တကြိမ်ဆေးခန်းသို့လာပြသည်အထိ ရွှေ့ဆိုင်းရန် ဆုံးဖြတ်နိုင်သည်။

ကိုယ်ဝန်ဆောင်သည် သို့မဟုတ် နို့တိုက်ကျွေးနေသောသူများအတွက် ဤကာကွယ်ဆေးအကြောင်း ဘေးအန္တရာယ်များဆိုင်ရာ အချက်အလက် အကန့်အသတ်ရှိသည်၊ သို့သော် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စိုးရိမ်စရာများကို သတ်မှတ်ဖော်ထုတ်ခြင်း မရှိသေးပါ။ ညွှန်းဆိုထားလျှင် ကိုယ်ဝန်ဆောင်သည် သို့မဟုတ် နို့တိုက်ကျွေးနေသောသူကို ကာကွယ်ဆေးထိုးပေးသင့်သည်။

အအေးမိခြင်း ကဲ့သို့ အသေးစား နာမကျန်းမှုရှိသူများသည် ကာကွယ်ဆေးထိုးနှံခြင်းပြုလုပ်နိုင်ပါသည်။ အသင့်အတင့် သို့မဟုတ် အပြင်းအထန် နေမကောင်းသူများသည် meningococcal ACWY ကာကွယ်ဆေး မထိုးမီ နေပြန်ကောင်းလာသည်အထိ စောင့်သင့်သည်။

သင့်ကျန်းမာရေး စောင့်ရှောက်သူမှ အသေးစိတ် အချက်အလက်များ သင့်အား ပေးအပ်နိုင်ပါသည်။

## 4. ကာကွယ်ဆေးတုံ့ပြန်မှုအန္တရာယ်များ

- meningococcal ACWY ကာကွယ်ဆေးထိုးပြီးနောက် ထိုးပေးသည့်နေရာတွင် နီးမြန်းခြင်း သို့မဟုတ် နာကျင်ခြင်းဖြစ်နိုင်သည်။
- meningococcal ACWY ကာကွယ်ဆေးထိုးနှံသော လူဦးရေအနည်းငယ်ကသာလျှင် ကြွက်သားနာကျင်ခြင်း၊  ခေါင်းကိုက်ခြင်း သို့မဟုတ် ပင်ပန်းနွမ်းနယ်ခြင်းတို့ခံစားရသည်။

ကာကွယ်ဆေးထိုးခြင်း အပါအဝင် ဆေးဝါးကုသမှုများအပြီးတွင် လူတို့သည် တစ်ခါတစ်ရံတွင် မူးဝေလဲကျတတ်ပါသည်။ သင်မူးဝေခြင်း၊ အမြင်အာရုံ ပြောင်းလဲခြင်း သို့မဟုတ် နာခြင်းဖြစ်ပါက သင့်ဆရာဝန်အား ပြောပြပါ။

အခြားသောဆေးဝါးများကဲ့သို့ပင် ကာကွယ်ဆေးကြောင့် ပြင်းထန်သော ဓါတ်မတည့်ခြင်း၊ ပြင်းထန်သော ဒဏ်ရာ သို့မဟုတ် သေဆုံးခြင်းတို့ ဖြစ်နိုင်ခြေမှာ အလွန့်အလွန်နည်းပါးသည်။

## 5. ပြင်းထန်သော တုံ့ပြန်မှု ပြဿနာများ ဖြစ်ပေါ်လာခဲ့လျှင် မည်သို့ ဆောင်ရွက်ရမည်နည်း။

ကာကွယ်ဆေးထိုးထားသူသည် ဆေးခန်းမှ ထွက်ခွာပြီးနောက် ဓာတ်မတည့်တုန့်ပြန်မှုရရှိနိုင်သည်။ သင်သည် ပြင်းထန်သော ဓာတ်မတည့် တုန့်ပြန်မှု လက္ခဏာများ (အနီပြင်ထခြင်း၊ မျက်နှာနှင့် လည်ပင်းများ ဖောင်းလာခြင်း၊ အသက်ရှူမြန်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ ခေါင်းမူးခြင်း သို့မဟုတ် အားမရှိခြင်း) တို့ကို တွေ့ ရှိရပါက **9-1-1** သို့ ခေါ် ဆိုပြီး၊ ၎င်းပုဂ္ဂိုလ်အား အနီးဆုံး ဆေးရုံသို့ ပို့ပါ။

အခြားသော လက္ခဏာများအတွက် စိတ်ပူပါက သင်၏ ကျန်းမာရေး စောင့်ရှောက်သူထံ ဖုန်းခေါ် ပါ။

ဓာတ်မတည့်သည့် တုံ့ပြန်မှုများအား Vaccine Adverse Event Reporting System, VAERS (ကာကွယ်ဆေး ဘေးထွက်ဆိုးကျိုး အဖြစ်အပျက် တိုင်ကြားရန် စနစ်) သို့ တင်ပြသင့်သည်။ သင်၏ ကျန်းမာရေးစောင့်ရှောက်မှုထောက်ပံ့သူသည် ပုံမှန်အားဖြင့် ဤအစီရင်ခံစာကို တင်ပြမည်ဖြစ်သည် သို့မဟုတ်ပါက သင်ကိုယ်တိုင် လုပ်ဆောင်နိုင်ပေသည်။ VAERS ၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် **www.vaers.hhs.gov** သို့ သွားရောက်ကြည့်ရှုပါ သို့မဟုတ် **1-800-822-7967** သို့ ခေါ် ဆိုပါ။ *VAERS သည် ဓါတ်မတည့်တုံ့ပြန်မှုများကို အစီရင်ခံရန်အတွက်သာ ဖြစ်ပြီး၊ VAERS ဝန်ထမ်းအဖွဲ့ဝင်များသည် ဆေးဖက်ဆိုင်ရာ အကြံပေးခြင်းများ မပြုလုပ်ပါ။*

## 6. ကာကွယ်ဆေးကြောင့် ဒဏ်ရာရရှိမှု လျော်ကြေးပေးရေး အမျိုးသား အစီအစဉ်

အမျိုးသား ကာကွယ်ဆေး ထိခိုက်ဒဏ်ရာ လျော်ကြေးပေးရေး အစီအစဉ် (The National Vaccine Injury Compensation Program,  VICP)သည် ကာကွယ်ဆေးတစ်ခုခုကြောင့် ဒဏ်ရာရရှိသူအား လျော်ကြေးပေးရန် တည်ထောင်ထား သော ပြည်ထောင်စု အစီအစဉ်တစ်ခု ဖြစ်ပါသည်။ ကာကွယ်ဆေးကြောင့် ဖြစ်သည်ဟု ပြောဆိုထားသည့် ထိခိုက်မှု သို့မဟုတ် အသက်သေဆုံးမှုနှင့် စပ်လျဉ်းသော တောင်းဆိုမှုများအတွက် လျှောက်ထားရန် အချိန်အကန့် အသတ်ရှိပြီး ယင်းမှာ ၂ နှစ်အထိ လျှော့ချထားပါသည်။ အစီအစဉ် အကြောင်း လေ့လာရန်နှင့် မကျေနပ်ချက်ကို တင်ပြရန်တို့အတွက် VICP  ဝက်ဘ်ဆိုဒ် ဖြစ်သည့် **www.hrsa.gov/vaccinecompensation** သို့သွားပါ သို့မဟုတ် **1-800-338-2382** သို့ခေါ် ဆိုပါ။

## 7. ပိုမိုလေ့လာနိုင်ရန်

- သင့်ကျန်းမာရေး စောင့်ရှောက်သူထံ မေးမြန်းပါ။
- သင့်ဆရာဝန် သို့မဟုတ် ပြည်နယ် ကျန်းမာရေးဌာနသို့ ခေါ် ဆိုပါ။
- ကာကွယ်ဆေး ပက်ကေ့ချ်အတွက် Food and Drug Administration, FDA (သည် အစားအစာနှင့် ဆေးဝါး အာဏာပိုင်) ဝဘ်ဆိုက်သို့ သွားရောက်ပြီးနောက်ထပ်အချက်အလက်ကို **www.fda.gov/vaccines-blood-biologics/vaccines** မှာဖြည့်သွင်းပါ။
- Centers for Disease Control and Prevention, CDC (ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေး ဗဟိုဌာန) သို့ ဆက်သွယ်ပါ-
  - ဖုန်းခေါ် ဆိုရန် **1-800-232-4636 (1-800-CDC-INFO)** သို့မဟုတ်
  - CDC ၏ ဝဘ်ဆိုဒ်သို့ ဝင်ရောက်ကြည့်ရှုရန် **www.cdc.gov/vaccines**

Burmese translation provided by the Immunization Action Coalition